**တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး**

**(၁၃) ရက်မြောက်နေ့အစီအစဉ်**

**( ၂၃ – ၆ –၂၀၂၆ ) ( အင်္ဂါနေ့) နံနက် ၁၀:၀၀ နာရီ**

၁။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော်အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေးမတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်း၊

၅။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း၊

၆။ ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးအောင်မျိုးသန်း၊ ကော့မှူးမဲဆန္ဒနယ်၏ **ကော့မှူးမြို့နယ်၊ တလုတ္တော်၊ ကရင်စု၊ အုတ်ကျင်းကျေးရွာချင်းဆက်လမ်းသည် (၄၆၂၀)ပေ ရှည်လျားပြီး ၎င်းလမ်းအား (၂၂)ပေ မြေသားတာဘောင် တိုးချဲ့ရန်နှင့် ကွန်ကရစ်လမ်း ခင်းပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ခ) ဒေါ်ကြူကြူမော်၊ သာစည်မဲဆန္ဒနယ်၏ **သာစည်မြို့မြောက်ဘက်ရှိ (၈)မိုင် ခန့်ရှိ ဝမ်းသာ–ဟံဇား–သာဂရကျေးရွာချင်းဆက် ကျောက်ချောလမ်းအား ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဂ) ဦးလှမြင့်၊ မတ္တရာမဲဆန္ဒနယ်၏ **မတ္တရာမြို့နယ် ရွှေချောင်းကျေးရွာအုပ်စု၊ နေပူရွာမှ ရွှေတချောင်း မြောင်းဘောင်လမ်းသည် မြေသားလမ်းဖြစ်ပြီး မိုးရာသီကာလအတွင်းသွားလာမှုအတွက် အခက်အခဲများစွာ ဖြစ်ရပါသဖြင့် ပြုပြင်ပေးမည့် အစီအစဉ်ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဃ) ဦးမြင့်ထွန်း၊ ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်၏ **ကြာအင်းဆိပ်ကြီးမြို့ အရှေ့ဘက်ကမ်းနှင့် အနောက်ဘက်ကမ်းကို ဆက်သွယ်သွားလာနိုင်မည့် ကူးတို့လှေငယ်များဖြင့် သွားလာနေကြရသောနေရာတွင် ဇမိမြစ်ကူးတံတား (ကြာအင်းဆိပ်ကြီး)ကို ၂၀၂၆ခုနှစ်မှ ၂၀၃၀ခုနှစ် မတိုင်မီကာလအတွင်း သင့်လျော်မည့် ဘဏ္ဍာရေးနှစ်တွင် ဆောက်လုပ်ပေးနိုင်ခြင်း ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(င) ဦးစိုင်းဆန်စိန်၊ တန့်ယန်းမဲဆန္ဒနယ်၏ **ဟိုယ-တန့်ယန်းလမ်း မိုင်းရယ် မြို့နယ်အပိုင်း လွယ်ပန်တောင်ကြောအတက်အဆင်းမှ လမ်းကွေ့(၅)ခုအား ကွန်ကရစ်လမ်းဖြင့်အစားထိုးပေးရန်၊ တန့်ယန်းမြို့နယ် ကတ္တရာလမ်းအား ၁၂ပေမှ ၁၈ပေ တိုးချဲ့ခြင်းကို (၄)မိုင်ခန့် ဆက်လက်လုပ်ဆောင်ပေးရန်နှင့် မြို့အဝင်မုဒ်ဦးအနီး အောင်တော်မူစေတီမှ မြို့အတွင်း မိုင်းကောင်လမ်းအပိုင်းရှိ "ပတ္တမြား"စက်သုံးဆီဆိုင်အထိနှင့် နောင်ဖောလမ်းအပိုင်းရှိ "ပြည့်ဝ" စက်သုံးဆီဆိုင်အနီးအထိ (၂၄ပေ)အကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက် ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးနိုင်ဝင်း၊ ကျောက်တန်းမဲဆန္ဒနယ်၏ **ကျောက်တန်းမြို့နယ်၊ သီတာမြိုင် ရပ်ကွက်နှင့် သနပ္ပင်ချင်းကျေးရွာအုပ်စုတို့အား ဆက်သွယ်မည့် မှော်ဝန်း ချောင်းကူးတံတားအား အမြန်ဆုံး တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း၊

(ဆ) ဒေါ်ဇာခြည်လွင်၊ မိုးညိုမဲဆန္ဒနယ်၏ **ရှမ်းတော-မင်းလှ-အင်းဘုတ်ကုန်း မိုးညိုလမ်း (မိုးညိုမြို့နယ်အပိုင်း)အား ၂၀၂၆- ၂၀၂၇ ဘဏ္ဍာနှစ်တွင် (၁၈) ပေ အကျယ် ကွန်ကရစ်လမ်း ခင်းရန်အတွက် ကျန်ရှိသော ၅ မိုင် ၁ ဖာလုံအား ဆက်လက်ဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ နှင့် မည်သည့် ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည်ကို သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဈ) ဦးမျိုးမြင့်သိန်း၊ ဝမ်းတွင်းမဲဆန္ဒနယ်၏ **ဝမ်းတွင်းမြို့နယ် ရွာဝေအုပ်စုရှိ ကျေးရွာ (၄)ရွာနှင့် မြစ်သားမြို့နယ် ကျေးရွာများတို့မှ ပြည်သူများ သွားလာနေသည့် ကင်းတားလက်ဝဲ မြောင်းမကြီးသည် DY– 16 မှ ရွာဝေသွား သင်ပုန်းဆိုင်ဖွန်အထိ ယာဉ်(၂)စီး ရှောင်၍မရဘဲ သွားလာနေကြရပါသဖြင့် အကျယ် ပေ (၃၀) ကွန်ကရစ်လမ်း ဖောက်လုပ်ပေးရန်နှင့် ဝမ်းတွင်း– ပင်းတလဲလမ်း (၁၄/၀)မိုင်မှာ နစ်စဉ်ပျက်စီးမှု ဖြစ်ပေါ်နေသဖြင့် ကတ္တရာ လမ်းအဖြစ် ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုခြင်း**နှင့် စပ်လျဉ်းသည့်မေးခွန်း။

၇။ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေး (၁၃) ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၁၄) ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။